**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား (၂၃၄၆)ဦး၊မ (၅၁၅၇)ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း(၇၅၀၃)ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း လက်ခံရရှိမှု (၁၁၆) မှုတွင် ကျေအေးမှု (၂၉) မှု၊ ပြည်နယ်နှင့်တိုင်း ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု(၂၂) မှုတို့ဖြစ်ပြီး ကျန်(၆၅) မှု အတွက် ခံစားခွင့်ရှိသူ(၄၃၅) ဦး အား ငွေကျပ် ၁၈၂,၅၅၂,၄၂၃ နှင့် US$ - ၂၀၁၇ ကိုခံစားစေခဲ့ပါသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၈၀၀၀ ကျော် နှင့် US$ - ၆၈ ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/ အလုပ်ရုံ (၉၂၈) ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအားပညာပေးဟောပြောပို့ချမှု (၂၇၆) ကြိမ်ဆောင်ရွက်ခဲ့ပါသည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အမှု (၈) မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား (၈၃) ဦး အတွက်ငွေကြေးအကျိုးခံစားခွင့် ကျပ် ၂,၃၃၄,၇၅၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု (၁၆) မှုကိုဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား (၂၉) ဦး အတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၁,၅၃၂,၀၃၂ ရရှိစေခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများ အားငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၆၀၀ ကျော် အကျိုးခံစားခွင့် ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၄၈၅၁ ဦး အတွက်ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၁၇၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့ပါသည်။ အာမခံအလုပ်သမားများအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသ ပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှု ဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး (၃)ရုံ<br>(ပြင်ပလူနာ ၆၉၉၈ ဦး ၊ အတွင်းလူနာ ၇၂၆ ဦး) | ၇၇၂၄ ဦး |
| (ခ ) | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေး ခန်း(၅၀)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း တို့မှ ဆေးကုသပေးမှု | ၅၃၃၅၇ ဦး |
| (ဂ ) | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၂)ကြိမ် | ၅၈၂ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၁၆၀)ကြိမ် | ၃၄၆၅ ဦး |
| (င ) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု | ၄၁၂၄ ဦး |